# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

EMReF
Enlightened Myanmar
Research Foundation

အမှတ် (၄၀)၊ အောက်တိုဘာ ၃ ရက်၊ ၂၀၁၇


## ဆက်စပ်မေးခွန်းများ လွှတ်တော်တွင်ပင် နှုတ်ဖြင့်ကြိုးစားဖြေပေးရန် မွန်လွှတ်တော်ဥက္ကဋ္ဌ တိုက်တွန်း



မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး

**စက်တင်ဘာ ၁၉၊ ၂၀၁၇**

မွန်ပြည်နယ် လွှတ်တော်အစည်းအဝေး၌ ပြည်နယ်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်(ပေါင်-၁) က Long Life ကုမ္ပဏီမှ ကိုယ်ပိုင်တည်ဆောက်ထားသော ဆိပ်ကမ်းအတွက် လစဉ်ပေးသွင်းထားသော အခွန်အခ မည်မျှရရှိထားသည်ကို မေးမြန်းရာတွင် အစိုးရသစ်လက်ထက်တွင် မွန်ပြည်နယ်ဆိပ်ကမ်း နယ်နိမိတ်အတွင်းရှိ လုပ်ငန်းလုပ်ကိုင်ခွင့်ကုမ္ပဏီများက ပြည်နယ်အစိုးရအဖွဲ့ထံ အခွန်အခပေးသွင်းထားခြင်းမရှိသေးကြောင်း ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးထွန်းဌေးက ဖြေကြားသည်။

ယင်းအပြင် ဦးထွန်းမင်းအောင်က "မွန်ပြည်နယ်က ဆိပ်ကမ်းတွေ ပုဂ္ဂလိကလုပ်ငန်းရှင်ကို ငှားရမ်းလုပ်ကိုင်ခွင့်ပြုတဲ့နေရာမှာ ဘယ်ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ လုပ်ကိုင်ခွင့်ပြုနေသလဲ၊ လုပ်ကိုင်ခွင့်ရတဲ့ကုမ္ပဏီတွေကိုလည်း ပြည်နယ်အစိုးရအဖွဲ့က ဘယ်လိုကြပ်မတ်ထိန်းကျောင်းနေသလဲ။ နောက် သူတို့တွေဆီကနေ အခွန်အခကောက်ခံရရှိမှုအခြေအနေကို သိလိုပါတယ်"ဟု ဆက်စပ်မေးခွန်းများ မေးမြန်းခဲ့ရာ ယင်းမေးခွန်းများကို လွှတ်တော်တွင်းမှာပင် နှုတ်ဖြင့်ကြိုးစားဖြေပေးရန် လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းနယ်နိမိတ်အတွင်း၌ လုပ်ငန်း၊ လည်ပတ်လုပ်ကိုင်နေသော ပုဂ္ဂလိကဆိပ်ကမ်းမရှိသေးကြောင်း၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်း တည်ဆောက်ဆဲ ပုဂ္ဂလိကဆိပ်ကမ်းတစ်ခုအား ပြည်နယ်အစိုးရအဖွဲ့၏ ကွပ်ကဲမှုဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်တို့ စာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရကုမ္ပဏီများကို ၎င်းဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ရာတွင် ကုန်ပစ္စည်းများနှင့် မီးဘေးလုံခြုံရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း၊ ဆိပ်ကမ်းကပ်ခနှုန်းထားသတ်မှတ်ရေးအဖွဲ့ ဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ပေးထားကြောင်း၊ စောင့်ကြည့်ထိန်းကျောင်းရန် ဆောင်ရွက်ထားကြောင်း ဦးထွန်းဌေးက ဖြေကြားပေးခဲ့သည်။ **(ကိုးကား- ဟသ်ာမီဒီယာ)**

---

## ဖြေကြားမှုများမှာ အားရစရာမရှိသောကြောင့် အပြောင်းအလဲဖြစ်ရန်မရှိဟုဆို

**စက်တင်ဘာ ၃၀၊ ၂၀၁၇**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် မေးခွန်းများပြန်လည်ဖြေကြားရာမှာ အားရကျေနပ်စရာမရှိသဖြင့် အပြောင်းအလဲဖြစ်လာရန်မရှိကြောင်းတိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်(ခ)နေဘုန်းလတ်(သင်္ဃန်းကျွန်း-၁)က ဆိုသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းလွှတ်တော်ပဥ္စမပုံမှန်အစည်းအဝေး အဌမနေ့တွင် ဦးနေဘုန်းလတ်မှ မြို့နယ်များတွင်ရှိနေသည့် လမ်းကျူး၊ မြောင်းကျူးများကို နည်းလမ်းသစ်၊ အတွေးအခေါ်သစ်များဖြင့် ပြေလည်အောင်ဖြေရှင်းပေးရန် မေးမြန်းတင်ပြခဲ့ခြင်းဖြစ်သည်။

စုပေါင်းစီမံချက်ရေးဆွဲ၍ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ရှင်းလင်းဆောင်ရွက်ဖို့အတွက် YCDC အနေနဲ့လွယ်ကူပြီး ထပ်မံမဖြစ်ပေါ်စေရေးအတွက် တာဝန်ယူ၊ တာဝန်ခံမှုလိုအပ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားခဲ့သည်။

"အရင်မေးခွန်းတွေ ဖြေသွားတုန်းကလည်း အဲဒီအတိုင်းပဲ ဘာမှလုပ်ငန်းစဉ်မပါဘူး။ ဘယ်လိုလုပ်မယ်၊ ဘယ်လိုဆောင်ရွက်မယ်မပါတဲ့အခါကျတော့ အရင်အဟောင်းတွေပဲ လာဖြေတဲ့အခါမှာ ဘာမှ Change ဖြစ်လာမှာမဟုတ်ဘူး"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်(ခ)နေဘုန်းလတ် ပြောသည်။ **(ကိုးကား- www.mizzimaburmese.com)**

# လစ်လပ်ဝန်ထမ်းနေရာများ ခန့်အပ်ရေးအဆို တိုင်းအစိုးရ အကောင်အထည်ဖော်ရန် အခက်အခဲရှိသဖြင့် မှတ်တမ်းအဖြစ်သာ ထားရှိ

**စက်တင်ဘာ ၂၉၊ ၂၀၁၇**

တိုင်းအစိုးရခန့်ပိုင်ခွင့်ရှိသော လစ်လပ်နေသည့် ဝန်ထမ်းနေရာများ မကွေးတိုင်းအစိုးရက အမြန်ဆုံးခန့်အပ်ရေးအဆိုကို မကွေးတိုင်းလွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

မကွေးတိုင်းလွှတ်တော် ခြောက်ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မင်းတုန်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းခဲ့ပြီး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသဖြင့် စက်တင်ဘာ ၂၈ ရက်၌ ထပ်မံဆွေးနွေးခြင်းဖြစ်သည်။

"သူ(တိုင်းအစိုးရ) ခန့်ထားပိုင်ခွင့်ရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေကို အမြန်ဆုံး တိုးချဲ့ခန့်ထားပေးနိုင်ရင် အလုပ်အကိုင်ရှားပါးမှု အထိုက်အလျောက် ပြေလည်မှာဖြစ်သလို ဝန်ထမ်းအင်အား လုံလောက်လာတဲ့အတွက် ဝန်ထမ်းတွလည်း လုပ်ငန်းခွင်မှာ ပျော်ရွှင်ချမ်းမြေ့ကြမှာဖြစ်လို့ အဆိုအဖြစ်တင်တာဖြစ်တယ်"ဟု ဦးအေးလှိုင်ဦးက ပြောသည်။

"မဆွေးနွေးမီကတည်းက တိုင်းလွှတ်တော်ဥက္ကဋ္ဌကြီးက အဆိုနဲ့ပတ်သက်ပြီးတော့ တိုင်းအစိုးရအဖွဲ့က အကောင်အထည်ဖော်ပေးဖို့ အခြေအနေ အကြောင်းကြောင်းကြောင့် အခက်အခဲရှိနေတယ်ပေါ့။ ဒါကြောင့်အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိဖို့ သဘောတူပါသလား မေးမြန်းပါတယ်။ ကျွန်တော်ကလည်း သဘောတူလိုက်တယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်အများစုက ထောက်ခံဆွေးနွေးကြပေမယ့် ဒီအဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိတာဖြစ်ပါတယ်"ဟု အဆိုတင်သွင်းသူ မင်းတုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

နိုင်ငံတော်နှင့် ပြည်သူများအတွက် အလွန်ကောင်းမွန်သော အဆိုဖြစ်သော်လည်း ဘဏ္ဍာရေးအခြေအနေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ဆောင်ရွက်နေရသဖြင့် လစ်လပ်ဝန်ထမ်းနေရာများ အမြန်ဆုံးခန့်အပ်ရေးအဆိုကို မှတ်တမ်းအဖြစ်သာထားစေချင်ကြောင်း တိုင်းအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးက ပြောသည်။

အစိုးရဌာနဆိုင်ရာအချို့တွင် အမှန်တကယ်ခန့်အပ်ရမည့် အရေအတွက်၏ သုံးပုံတစ်ပုံခန့်သာ ခန့်အပ်နိုင်သောကြောင့် ထပ်မံ ဖြည့်တင်းပေးရန် ပြည်ထောင်စုအစိုးရထံသို့ တင်ပြတောင်းခံထားကြောင်း ၎င်းကဖြေကြားသည်။

(ကိုးကား:- 7daydaily)

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

**သတင်းစာစဉ်**

**စုစည်းတင်ပြသူ**

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**

**ဆက်သွယ်ရန်**

**၀၉-၂၆၁၆၅၄၀၄၅**

www.emref.org

www.mypilar.org

www.facebook.com/emrefmyanmar

# သတင်းတို

- ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်ကချင်ပြည်နယ် (ပြည်သူ၊ အမျိုးသား၊ ပြည်နယ်) လွှတ်တော်သုံးရပ်မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက်နေ့က ကချင်ပြည်နယ်အစိုးရုံး ဆမားဒူဝါ ဆင်ဝါးနော်ခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယခုတွေ့ဆုံမှုသည် ကချင်ပြည်နယ်အစိုးရသစ်လက်ထက်တွင် ပထမဆုံးတွေ့ဆုံခြင်းဖြစ်ပြီး ဒေသတွင်းလုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ပြဿနာများ၊ မြေလွတ်မြေရိုင်းကိစ္စ၊ သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များ၊ တနိုင်းဒေသသို့ ဆန်တင်ပို့မှုပြဿနာများကို တင်ပြဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးများမှ ပြန်လည်ဖြေကြားရှင်းလင်းခဲ့သည်။

**(ကိုးကား-ကျော်ဦးဖေ့စ်ဘွတ်ခ်)**

- မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် ဘတ်ဂျက်စိစစ်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို မော်လမြိုင်မြို့ ငွေမိုးဟိုတယ်တွင် စက်တင်ဘာလ ၁၉ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ဘတ်ဂျက်အကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖြစ်ပေါ်နေသော ဘတ်ဂျက်အလေ့အကျင့်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဘတ်ဂျက်ဟနေမှုများအပေါ် စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်ကြားဖြစ်နေသည့် ပြဿနာများကို ဖြေရှင်းရမည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကိုးကား:- The Voice Daily)**

# မုံရွာ ဝါကြိတ်စက်ရုံကိစ္စကို နိုင်ငံတော်သမ္မတထံ တင်ပြထားဟုဆို

**စက်တင်ဘာ ၂၉၊ ၂၀၁၇**

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က ရပ်နားရန် အတည်ပြုဆုံးဖြတ်ခဲ့သော မုံရွာ ဝါကြိတ်စက်ရုံကိစ္စကို ဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆက်လက်လုပ်ကိုင်ခွင့်ပြုသည့်ကိစ္စနှင့်ပတ်သက်၍ အဆုံးအဖြတ်ခံယူရန် နိုင်ငံတော်သမ္မတထံ တင်ပြထားကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က မုံရွာမြို့ ဝါကြိတ်စက်ရုံကို စာချုပ်ပါစည်းကမ်းချက်ချိုးဖောက်သဖြင့် ရပ်နားထားရန် အဆိုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်(မုံရွာ-၁)က တင်သွင်းရာ မတ်လ ၁၄ ရက်နေ့၊ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးက အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့သော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ရင်းနှီးမြှုပ်နှံမှုကော်မတီတို့က ယင်းစက်ရုံကို ဆက်လက်လုပ်ကိုင်ခွင့်ပြုသည့်ကိစ္စနှင့်ပတ်သက်၍ နောက်ဆုံး အဆုံးအဖြတ်ရယူနိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ စက်တင်ဘာ ၁၅ ရက်က တင်ပြထားကြောင်း ဦးသန်းကပြောသည်။

"စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က အဆိုကို အတည်ပြုလိုက်တယ်။ ဒါပေမဲ့ လက်ရှိအနေအထားအရ အစိုးရအဖွဲ့က တာဝန်ယူပြီး အကောင်အထည်မဖော်နိုင်တဲ့ အဆင့်ဖြစ်နေတယ်။ အဲဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော် မှာ ကုမ္ပဏီငှားရမ်းတဲ့ စာချုပ်ပါ စည်းကမ်းချက်ဖောက်ဖျက်တဲ့အတွက် နိုင်ငံတော်ကနေ ပြန်သိမ်းပြီး ကုမ္ပဏီက စာချုပ်ပယ်ဖျက်ပေးဖို့ လွှတ်တော်က အတည်ပြုလိုက်တယ်။ ဒါပေမဲ့ ဝန်ကြီးဌာနနဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စက်ရုံကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတထံ တင်ပြခြင်းဖြစ်ပါတယ်"ဟု ဦးသန်းက ပြောသည်။

လက်ရှိမြေပြင်၌ ဖြစ်ပေါ်နေသော အနေအထားကို ဝန်ကြီးဌာနက မသိရှိဘဲ ကုမ္ပဏီဘက်ကတင်ပြချက်ဖြင့် တောင်သူလယ်သမားအကျိုးစီးပွားအတွက် ဝါကြိတ်စက်ရုံကို ဆက်လက်လုပ် ကိုင်ခွင့်ပြုရန်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ကုမ္ပဏီအား ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့်စာကို ဩဂုတ်အတွင်းက တိုင်းဒေသကြီးလွှတ်တော်သို့ပေးပို့ခဲ့ကြောင်း ဦးသန်းက ဆိုသည်။

ယင်းဝါကြိတ်စက်ရုံမြေ နေရာသည် ၉ ဒသမ ၇၈ ဧက ကျယ်ဝန်းပြီး ပင်မစက်ရုံ၊ ဂိုဒေါင်ပါ အဆောက်အအုံ ၃၄ လုံးကို ၂၀၁၂ ဇူလိုင် ၄ ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)က Thein Min Industry Group Co.,Ltd သို့ ငှားရမ်းခဲ့ခြင်းဖြစ်သည်။

**(ကိုးကား- www.7daydaily.com)**

# ကယားပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ လုပ်ငန်းတာဝန်များ ရှင်းလင်းတင်ပြ

**စက်တင်ဘာ ၂၉၊ ၂၀၁၇**

ကယားပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်တွင် လွိုင်ကော်မြို့ Famous Hotel တွင် ကျင်းပခဲ့သည်။

ရှင်းလင်းပွဲသို့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးလှထွေး တက်ရောက်ပြီး လက်ရှိ တရားဥပဒေစိုးမိုးရေးတွင် ဖောက်ပြန်သူအများစုမှာ ဝန်ထမ်းများသာဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အနေဖြင့် လုပ်ပေးနိုင်ပါက သက်သေအချက်အလက်များ ပေးမည်ဖြစ်ပြီး မလုပ်ဆောင်နိုင်ပါက နိုင်ငံတော်၏အတိုင်ပင်ခံအား တိုင်ကြားသွားမည်ဖြစ်ကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

"လက်ရှိ တရားဥပဒေစိုးမိုးရေးမှာ ဖောက်ပြန်နေတာက ကျွန်တော်တို့ ဝန်ထမ်းတွေ များပါတယ်။ ကျွန်တော်တို့ သစ်ကိစ္စဆိုလည်း တက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေသိမှာပါ။ သစ်က သွားကြားထိုးတံ မဟုတ်ဘဲနဲ့ တခြားပြည်နယ်ကိုရောက်နေတဲ့ ကိစ္စတွေဟာ ဂိတ်တွေအဆင့်ဆင့်ရှိပြီးမှရောက်တဲ့ကိစ္စတွေဟာ ဌာနဆိုင်ရာတွေ ပါပါတယ်။ ကျွန်တော် ဒီတရားဥပဒေစိုးမိုးရေးကို ပြောချင်တာကတော့ ကျွန်တော့်မှာ သက်သေအထောက်အထား အခိုင်အလုံရှိပါတယ်။ ဒီကနေ လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တင်ပေးမယ်။ မလုပ်ပေးနိုင်ရင်တော့ ကျွန်တော်က နိုင်ငံတော်၏အတိုင်ပင်ခံကို တင်တော့မယ်"ဟု ပြောခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရားမဝင်လုပ်ကိုင်နေသူများ၏ အဖွဲ့အစည်းမှာ ကြီးမားကျယ်ပြန့်လွန်းပြီး အားလုံးစုပေါင်း၍ ဝိုင်းညာနေကြကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ကယားပြည်နယ်တွင် အဓိကသယံဇာတဖြစ်သောသစ်နှင့်ခဲသတ္တုများမှာ တရားမဝင် ထွက်ရှိနေခြင်းကြောင့် အမှန်တကယ် အကျိုးစီးပွားဖြစ်သည့် သူများမှာ နိုင်ငံခြားသားများသာဖြစ်ပြီး ပြည်သူများမှာ မည်သည့် ခံစားခွင့်မှုမရှိကြောင်း သိရသည်။

ရှင်းလင်းပွဲသို့ တရားရေးဆိုင်ရာမှ တာဝန်ရှိသူများ၊ အစိုးရနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(ကိုးကား-news-eleven.com)**